Myanmar Archaeology Association

# အမွေအနှစ်ပျက်စီးမှု အမြန်ဆန်းစစ်ချက်
# MAAအပ်ပလီကေးရှင်း၏ ရည်ရွယ်ချက်နှင့်မူဝါဒ

## ရည်ရွယ်ချက်များ

၁။ **အမွေအနှစ်ပျက်စီးမှု အချက်အလက်စုဆောင်းခြင်း** - မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးသွားသော အမွေအနှစ်များ ပျက်စီးမှုအခြေအနေကို စနစ်တကျ မှတ်တမ်းတင်ရန်နှင့် အချက်အလက်များ စုဆောင်းရန်။ ရရှိသည့်ဒေတာများကို ယင်းနေရာများကို ထိန်းသိမ်းရန်နှင့် ပြန်လည်ပြုပြင်ရာတွင်အသုံးပြုရန်။

၂။ **အရေးပေါ်တုံ့ပြန်မှုဆောင်ရွက်ခြင်း** - အမွေအနှစ်များ၏ ပျက်စီးမှုအခြေအနေကို အမြန်ဆုံးသိရှိနိုင်ရန်နှင့် အရေးပေါ်တုံ့ပြန်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်။

၃။ **ဘေးအန္တရာယ်ဆန်းစစ်ခြင်း** - ပျက်စီးနေသော အမွေအနှစ်များမှ ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲ ဘေးအန္တရာယ်များကို ဆန်းစစ်ဖော်ထုတ်ပြီး ကြိုတင်ကာကွယ် ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၄။ **မဟာဗျူဟာချမှတ်ခြင်း** - စုဆောင်းရရှိသော အချက်အလက်များကို အခြေခံ၍ အမွေအနှစ်များထိန်းသိမ်းရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ် နိုင်ရန်။

၅။ **ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း** - ထိခိုက်ပျက်စီးသွားသော အမွေအနှစ်များပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်။

၆။ **ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း** - သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများအကြား ထိရောက်စွာ ဆက်သွယ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်။

၇။ **သတင်းအချက်အလက်ဖလှယ်ခြင်း** - အမွေအနှစ်ပျက်စီးမှုဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများသို့ အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးနိုင်ရန်။

## မူဝါဒများ

### ၁။ အချက်အလက်ဆိုင်ရာမူဝါဒ

က။ အချက်အလက်တိကျမှန်ကန်ရေး - စုဆောင်းရရှိသော အချက်အလက်များ တိကျမှန်ကန်စေရန် သက်သေအထောက်အထားများဖြင့် အတည်ပြုမှတ်တမ်းတင်ရမည်။

ခ။ အချက်အလက်ပြည့်စုံရေး - MAA အပ်ပလီကေးရှင်းတွင် သတ်မှတ်ထားသော အချက်အလက်များကို တတ်နိုင်သမျှ ပြည့်စုံစွာ ဖြည့်သွင်းရမည်။

ဂ။ အချက်အလက်လုံခြုံရေး - စုဆောင်းရရှိသော အချက်အလက်များကို အမွေအနှစ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များမှလွဲ၍ အခြားမသက်ဆိုင်သူများထံသို့ ပေါက်ကြားခြင်းမရှိစေရန် ထိန်းသိမ်းရမည်။

## ၂။ အသုံးပြုသူဆိုင်ရာမူဝါဒ

က။ အသုံးပြုခွင့်နှင့်အချက်အလက်မှန်ကန်မှု - မည်သူမဆို MAA အပ်ပလီကေးရှင်းအား ရယူအသုံးပြုနိုင်သည်။ အသုံးပြုသူများသည် မှန်ကန်သော အချက်အလက်များကိုသာ တင်ပြပေးပါ။

ခ။ စည်းကမ်းချက် - အသုံးပြုသူများသည် အမွေအနှစ် နေရာများသို့ မှတ်တမ်းရယူသည့်အခါ နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ကျင့်ဝတ်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာပြီး၊ အမွေအနှစ်များ ထပ်မံ ပျက်စီးစေခြင်း မရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန်အထူး ဂရုပြုပါ။

ဂ။ အသုံးပြုသူအားအကာအကွယ်ပေးခြင်း - MAA အပ်ပလီကေးရှင်းသည် အသုံးပြုသူများ၏ အချက်အလက်ဒေတာများကို အပြည့်အဝအကာအကွယ်ပေးထားပါသည်။ အသုံးပြုသူများသည် မိမိ တင်ပြထားသည့် အချက်အလက်များကို ဖယ်ရှားရန် တောင်းဆိုနိုင်သည်။ ကိုယ်ရေးအချက်အလက်များကို သုံးစွဲသူ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုမှုအတွက်သာ အသုံးပြုမည်ဖြစ်သည်။ ၎င်းကိုယ်ရေးကိုယ်တာ အချက်အလက်များအား အခြားမည်သူ့အဖွဲ့အစည်း နှင့်လူပုဂ္ဂိုလ်များကိုမျှ မမျှဝေပါ။

ဃ။ အချက်အလက်စီမံခန့်ခွဲခွင့် - အချက်အလက်များကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ တည်းဖြတ်ခြင်း တို့အတွက် သတ်မှတ်ထားသော တာဝန်ရှိပုဂ္ဂိုလ်များကိုသာ ခွင့်ပြုသည်။

င။ အချက်အလက်အတည်ပြုခြင်း - ဖြည့်သွင်းထားသော အချက်အလက်များကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ စိစစ်အတည်ပြုပြီးမှသာ တရားဝင်အချက်အလက်အဖြစ် မှတ်ယူရမည်။

## ၃။ လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာမူဝါဒ

က။ အရေးပေါ်တုံ့ပြန်မှု - အလွန်အမင်းထိခိုက်ပျက်စီးနေသော အမွေအနှစ်များ အတွက် အရေးပေါ်တုံ့ပြန်မှုအစီအစဉ်များကို ရေးဆွဲဆောင်ရွက်ရန်အားပေးကူညီ တိုက်တွန်းရမည်။

ခ။ ဦးစားပေးစနစ် - အမွေအနှစ်များ၏ တန်ဖိုး၊ သမိုင်းဝင်အရေးပါမှု၊ ပျက်စီးမှု အတိုင်းအတာတို့ကိုအခြေခံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ရမည်။

ဂ။ ဒေသခံများပါဝင်မှု - အမွေအနှစ်များ၏ ပျက်စီးမှုအခြေအနေကို မှတ်တမ်းတင်ရာတွင်လည်းကောင်း၊ ပြန်လည်ထူထောင်ရာတွင် လည်းကောင်း ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် အားပေးတိုက်တွန်းရမည်။

ဃ။ ပညာရှင်များညွှန်ကြားချက် - အမွေအနှစ်ပျက်စီးမှုကို ဆန်းစစ်ရာတွင် သက်ဆိုင်ရာ ပညာရှင်များမှ ပေးအပ်သော လမ်းညွှန်ချက်များအတိုင်း၊ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရမည်။

**၄။ နည်းပညာဆိုင်ရာမူဝါဒ**

က။ အင်တာနက်မရှိဘဲအသုံးပြုနိုင်မှု - MAA အပ်ပလီကေးရှင်းသည် အင်တာနက်မရှိသည့် အခြေအနေတွင်လည်း အချက်အလက်များကို သိမ်းဆည်းနိုင်ပြီး၊ အင်တာနက်ရရှိသည့်အခါ ဗဟိုဆာဗာသို့ ပေးပို့နိုင်ရမည်။

ခ။ ဓာတ်ပုံသိမ်းဆည်းခြင်း - နည်းပညာရှင်များဖက်မှ ဓာတ်ပုံ၊ ဗီဒီယိုများကို အရည်အသွေးကောင်းမွန်စွာဖြင့် သိမ်းဆည်းနိုင်ရမည် ဖြစ်ပြီး၊ ဓာတ်ပုံတွင် ရက်စွဲ၊ တည်နေရာ၊ အချိန်တို့ကို အလိုအလျောက် မှတ်တမ်းတင် နိုင်သည့် စနစ်ရှိရမည်။

ဂ။ GPS အချက်အလက် - တည်နေရာပြ အချက်အလက်များကို တိကျစွာ မှတ်တမ်းတင်နိုင်ရန် GPS ကိုသြဒိနိတ်အမှတ်များကို အတိအကျဖော်ပြနိုင်ရန် နည်းပညာရှင်များဖက်မှ လုပ်ဆောင်ရမည်။

**၅။ ပြန်လည်ထူထောင်ရေးဆိုင်ရာမူဝါဒ**

က။ မူလပုံစံထိန်းသိမ်းခြင်း - အမွေအနှစ်များကို ပြန်လည်ထူထောင်ရာတွင် မူလ ဗိသုကာလက်ရာ၊ ပုံစံ၊ အရည်အသွေးနှင့် ဓလေ့ထုံးတမ်း လုပ်ငန်းအစဉ်အလာများကို မပျက်ယွင်းစေဘဲ ထိန်းသိမ်းစေရန် အတတ်နိုင်ဆုံး ကြိုးစားရမည်။

ခ။ နိုင်ငံတကာစံနှုန်းများ - ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများ၊ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ဂ။ ရေရှည်တည်တံ့ခိုင်မြဲမှု - အမွေအနှစ်များ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို အာမခံချက်ပေးသော/ဦးစားပေးသော နည်းလမ်းများဖြင့် ပြန်လည်ပြုပြင်ခြင်း၊ တည်ဆောက်ခြင်း များကို လုပ်ဆောင်နိုင်ရန် တိုက်တွန်းရမည်။

**၆။ အစီရင်ခံခြင်းဆိုင်ရာမူဝါဒ**

က။ အစီရင်ခံခြင်း - စုဆောင်းရရှိသော အချက်အလက်များကို လေ့လာဆန်းစစ်ပြီး၊ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အစီရင်ခံစာရေးဆွဲမှုများနှင့် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းစဉ်များတွင် အသုံးပြုရမည်။

ခ။ အရေးပေါ်အစီရင်ခံခြင်း - အထူးအရေးကြီးသော အခြေအနေများတွင် သက်ဆိုင်ရာသို့ အရေးပေါ် အစီရင်ခံတင်ပြရမည်။

ဂ။ ပွင့်လင်းမြင်သာမှု - အမွေအနှစ်ပျက်စီးမှုဆိုင်ရာ ဆန်းစစ်ချက်ရလဒ်များကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေးမျှဝေရမည်။

## ၇။ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာမူဝါဒ

က။ အဆောက်အအုံဆိုင်ရာလုံခြုံရေး - ပျက်စီးနေသော/လုံခြုံစိတ်ချရမှုမရှိသော အမွေအနှစ်အဆောက်အအုံများကို ထပ်မံ ပျက်စီးခြင်း၊ လုယက်ခံရခြင်းတို့မှ ကာကွယ်ရန် လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် တိုက်တွန်းရမည်။

ခ။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး - နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များမှ ထပ်မံ ပျက်စီးခြင်းကို ကာကွယ်ရန် ယာယီနှင့် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် တိုက်တွန်းရမည်။

ဂ။ အရေးပေါ် စီမံချက် - အနာဂါတ်တွင် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ် များအတွက် အရေးပေါ် စီမံချက်များ ကြိုတင်ရေးဆွဲထားရှိနိုင်ရန် တိုက်တွန်းရမည်။

## ၈။ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာမူဝါဒ

က။ ကျွမ်းကျင်သူများနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း - အမွေအနှစ်စီမံခန့်ခွဲမှုပညာရှင်များ၊ အမွေအနှစ် ပြုပြင်ထိန်းသိမ်းမှု ကျွမ်းကျင်သူများ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များ နှင့် အခြားသက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် အလေးထား လုပ်ဆောင်ရမည်။

ခ။ ပြည်တွင်း၊ ပြည်ပအဖွဲ့များနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း - အမွေအနှစ်ထိန်းသိမ်းရေး အတွက် ကြိုးပမ်းလုပ်ဆောင်နေသော အခြားပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များဖြင့် ပူးပေါင်းလုပ်ဆောင်ရမည်။

ဂ။ ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း - အမွေအနှစ်ဒေသများတွင် အမွေအနှစ်အပေါ် ပိုမိုချစ်မြတ်နိုးစေရန်၊ ထိန်းသိမ်းစောင့်ရှောက်သည့် နည်းလမ်းများကို ပိုမိုသိရှိစေရန်၊ ဒေသ အမွေအနှစ်များကို ရှာဖွေဖော်ထုတ် မြှင့်တင်ခြင်းဖြင့် လူမှုစီးပွားဘဝများ တိုးတက်စေရန် နှင့် ပညာပေး လုပ်ငန်းများကိုထိရောက်စွာ လုပ်ဆောင်နိုင်ရန် ဒေသခံပြည်သူများနှင့် အမွေအနှစ် ထိန်းသိမ်းရေး လုပ်ငန်းများတွင် အမြဲပူးပေါင်းလုပ်ဆောင်ရမည်။

# သတိပြုရန်အချက်များ

က။ MAAအပ်ပလီကေးရှင်းသည် ပညာရပ်ဆိုင်ရာ အမွေအနှစ်ဆန်းစစ်မှုများကို အစားထိုးရန် မဟုတ်ပါ။

ခ။ တင်ပြသည့် ဒေတာများကို ခွင့်ပြုချက်မရဘဲအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာ အကျိုးဆက်များသည် ထုတ်လုပ်သူများနှင့် သက်ဆိုင်မှုမရှိပါ။

၇။ အသုံးပြုသူများ တစ်စုံတစ်ရာ ထိခိုက်မှုမရှိစေရန် အမွေအနှစ်များကို မှတ်တမ်းတင်ရာတွင် MAAအပ်ပလီကေးရှင်းတွင်ဖော်ပြထားသော လုံခြုံမှုဆိုင်ရာလမ်းညွှန်ချက် များကို လိုက်နာဆောင်ရွက်ရန် အကြံပြုပါသည်။